# ပြည်သူ့လွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးသက်ပုံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ တာဝန်ရှိပုဂ္ဂိုလ် Mr.Ross Farmery အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၈ ရက်

ပြည်သူ့လွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးသက်ပုံ သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ တာဝန်ရှိပုဂ္ဂိုလ် Mr.Ross Farmery အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၊ ရေးရာဆောင် အမှတ် (I-12) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (MRCS) နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၊ မြန်မာတစ်နိုင်ငံလုံးရှိ အကူအညီလိုအပ် နေသော ပြည်သူများအား ကူညီထောက်ပံ့ပေးနေမှုများ၊ ကျန်းမာရေးဆိုင်ရာ ကူညီစောင့်ရှောက် ပေးနေမှုများ၊ စိုက်ပျိုး သီးနှံမျိုးစေ့များပံ့ပိုးပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အထောက်အပံ့များအား ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ လက်နက်ကိုင်ပဋိပက္ခနယ်မြေများရှိ ပြည်သူလူထု များအား လိုအပ်သော စားနပ်ရိက္ခာ၊ ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာကိရိယာများ၊ စိုက်ပျိုး မွေးမြူရေးနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်းပြီး ကူညီထောက်ပံ့ပေးနေသည့် အခြေအနေများ၊ စစ်လက်နက်နှင့် မိုင်းအန္တရာယ် အသိပညာ ပေးရေးနှင့် ဘေးကင်းလုံခြုံစွာ သွားလာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ဆွေးနွေး တင်ပြရာ ကော်မတီဝင်များမှ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး ဦးထွန်းလွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။